ပုတီးကုန်းကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပတီးကုန်းကျေးရွာ၊ မြို့သစ်မြို့နယ်

**(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ**

## မာတိကာ


မာတိကာ

၁။ စကာချီး ၃-၄

၂။ ပုတီးကုန်းကျေးရွာသယံဇာတပြမြေပုံ ၅-၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆-၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် ၆-၇

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၇-၇

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ ၇-၇

(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇-၈

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၈-၈

(င)ပညာရေး ၈-၈

(စ)ကျန်းမာရေး ၈-၈

(ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈-၈

(ဇ)ကျား-မ ရေးရာ ၈ - ၈

၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၉-၁၅

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၆-၃၀

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပုတီးကုန်း ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှ င့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပုတီးကုန်းကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ ပုတီးကုန်းကျေးရွာ သယံဇာတပြမြေပုံ




- ပုတီးကုန်းကျေးရွာ၊ ပုတီးကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ပုတီးကုန်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ ပုတီးကုန်းကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.၁၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

ပုတီးကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားတွင်တည်ရှိ ပါသည်။ ပုတီးကုန်းကျေးရွာသည် မြို့သစ်မြို့နှင့် လေးမိုင်ခန့်ကွာဝေးပါသည်။ မြို့သစ်-တောင်တွင်းကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ပုတီးကုန်းကျေးရွာသည် မြောက်ဘက်တွင် ပုလင်းကြီးကျေးရွာ၊ အနောက်ဘက်တွင် သီးကုန်းကျေးရွာ၊ ဝန်ချီကျေးရွာနှင့် ရေကြည်ပင်ကျေးရွာ၊ တောင်ဘက်တွင် မြို့လုလင်ကျေးရွာ၊ အရှေ့ဘက်တွင် သန်းကုန်းကျေးရွာတို့နှင့် နယ်နိမိတ်ခြင်းထိပ်လျှက်ရှိပါသည်။ ပတ်ဝန်းကျင်ရှိ သီးကုန်းကျေးရွာ၊ ရေကြည်ပင်ကျေးရွာ၊ သန်းကုန်းကျေးရွာတို့အား မြေသားလမ်းများဖြင့် ဆက်သွယ်ထားပါသည်။ ပုတီးကုန်းကျေးရွာသည် တောင်တွင်းလမ်းပေါ်တွင်ရှိပြီး တောင်ဘက်တွင် မြို့လုလင်ကျေးရွာနှင့် မြောက်ဘက်တွင် ပုလင်းကြီးကျေးရွာတို့နှင့် တဆက်တည်း တည်ရှိပါသည်။

ပုတီးကုန်းကျေးရွာသည် ပုတီးကုန်းကျေးရွာအုပ်စုတွင်ရှိပြီး ၎င်းအုပ်စုအတွင်းတွင် ပုတီးကုန်းကျေးရွာ၊ ရေကြည်ပင်ကျေးရွာ၊ သီးကုန်းကျေးရွာနှင့် ဝန်ချီကျေးရွာလေးရွာဖြင့် ဖွဲ့စည်းထားပါသည်။ ပုတီးကုန်းကျေးရွာ၏ တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် လယ်ကွင်းများရှိပြီး အရှေ့ဘက်တွင် မြောက်မှ တောင်သို့ စီးဆင်းနေသော စွန်ချောင်းရှိပါသည်။ ကျေးရွာဝန်းကျင်နှင့် လယ်ကွင်းများ ဘေးတွင်စမ်းချောင်းငယ်ရှိပြီး အေးချမ်းသာယာသောကျေးရွာဖြစ်ပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပုတီးကုန်းကျေးရွာ အပူပိုင်းမိုးနည်းဒေသတွင်ရှိပြီး နှစ်စဉ်မိုးရေချိန်(၃၄)လက်မခန့်ရှိပါသည်။ အပူပိုင်းဒေသတွင်ပေါက်ရောက်သော ဇီး၊ မကျည်း၊ ညောင်၊ ထနောင်း၊ရှား၊ ထန်း၊ ကန္တာရအပင်များအား သဘာဝပေါက်ပင်များ အနေဖြင့်တွေ့ရပါသည်။ လယ်မြေကေမှာ (၂၁၄၅)ကေဖြစ်ပြီး စပါးကိုအဓိက စိုက်ပျိုးပါသည်။ လယ်မြေအများစုမှာ ယင်းချောင်းရေလျှောင်တမံ ဆည်ရေသောက်လယ်မြေများဖြစ်၍

သီးထပ်အနေဖြင့် နှမ်းစပါး၊ နှမ်းနှမ်း၊ ကုလားပဲတို့ကိုလည်း စိုက်ပျိုးပါသည်။ ယာမြေကေမှာ (၁၄၁၆)ကေ ခန့်ရှိပြီး ဝါ၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပါသည်။

## ၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ပုတီးကုန်းကျေးရွာတွင် ကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့အစည်းများမှာ မီးလင်းရေးကော်မတီ၊ လူငယ်ဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးကော်မတီအဖွဲ့၊ ဘာသာရေးအဖွဲ့ (ဓမ္မစကူး)နှင့် အရန်မီးသတ်တပ်ဖွဲ့များရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းပေးထားသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များလည်းရှိပါသည်။ ကျေးရွာပြင်ပမှ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော WFPအဖွဲ့မှ ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအတွက် အဟာရဖြည့်ဝေခြင်းနှင့် ကျန်းမာရေးဂရုစိုက်မှုများဆောင်ရွက်ပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

ပုတီးကုန်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် မိုးစပါးကိုနှစ်စဉ်စိုက်ပျိုး၍ သီးထပ်အနေနှင့်လည်း ဆည်ရေဖြင့်နွေစပါးများလည်း စိုက်ပျိုးပါသည်။ အခြားသီးနှံများမှာလည်းဝါ၊ ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များ၊ နှမ်းနှမ်း၊ မက်ပဲ၊ ကုလားပဲ၊ ပြောင်းဖူးနှင့်ပဲမျိုးစုံ စိုက်ပျိုးပါသည်။ စပါးတစ်ကေ အထွက်နှုန်းမှာ ပျမ်းမျှ (၅၅)တင်း၊ နှမ်းတစ်ကေ (၁၀)တင်းခန့်၊ ငရုပ်တစ်ကေ အထွက်နှုန်း တစ်ပတ်လျှင် ပိဿာ(၂၀၀)ခန့်၊ ခရမ်းသီး တစ်ကေအထွက်နှုန်းမှာ ပိဿာ(၃၀၀)ခန့်၊ ခရမ်းချဉ်သီး တစ်ကေအထွက်နှုန်းမှာ ကုန်ချိန်(၂၀၀၀)ခန့်ထွက်ရှိပါသည်။ မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးအတွက် ပါအသုံးဝင်သော နွားများအများဆုံး မွေးမြူကြပါသည်။

ပုတီးကုန်းကျေးရွာတွင် စိုပ်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ အနေဖြင့်လည်း ပန်းရံလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးသမားများ၊ အိမ်ဈေးဆိုင်ငယ်များ၊ အစိုးရဝန်ထမ်းများနှင့် နေ့စားကျပန်း အလုပ်များလုပ်ကိုင်ကြပါသည်။ ပုတီးကုန်းကျေးရွာတွင် လုပ်ငန်းပိုင်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း များနည်းပါးပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ပုတီးကုန်းကျေးရွာတွင် ကျေးရွာတွင် ရွာလယ်လမ်းမှာ ကွန်းကရစ်လမ်းတစ်ဝက်ခင်းပြီး ဖြစ်သော်လည်း ကျန်ရှိနေသော လမ်းမှာမြေသားလမ်းဖြစ်နေသောကြောင့် သီးနှံများရောင်းချရာတွင်လည်းကောင်း၊ ကျန်းမာရေးကိစ္စများဖြစ်လျှင်လည်းကောင်း သွားလာရအခက်အခဲဖြစ်နေပါသည်။ ကျေးရွာတောင်ပိုင်းရှိ ရေမြောင်းကြီးမှာလည်း မိုးတွင်းကာလတွင် ရေနစ်မြုပ်၍ သွားလာရအဆင်မပြေခြင်းများကြုံတွေ့နေရပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ပုတီးကုန်းကျေးရွာတွင် တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ပြင်ပချေးငွေများဖြစ်သော ပတ်မြန်မာ၊ စထာပါနာအဖွဲ့များနှင့်လည်း ချိတ်ဆက်၍ ချေးငွေများချေးယူသုံးစွဲကြပါသည်။

**(င) ပညာရေး**

ပုတီးကုန်းကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပြီး ကျောင်းဆောင်နှင့် ကျောင်းဝန်းမြေနေရာ ကျယ်သော်လည်းကျောင်းဆောင်လုံလောက်မှုမရှိပါ။ကျောင်းတွင်ဆရာ/ဆရာမအင်အား(၉)ဦးရှိပါသည်။ကျောင်းသားဦးရေမှာ(၈၃)ဦးရှိပါသည်။ ကျောင်းသားများ ပညာသင်ကြားရန် ကျောင်းဆောင်သစ်လိုအပ်လျှက်ရှိပါသည်။ ကျောင်းတွင် ယင်လုံအိမ်သာ(၅)လုံး ရှိသောကြောင့် လုံလောက်မှုမရှိပါ။

**(စ)ကျန်းမာရေး**

ပုတီးကုန်းကျေးရွာတွင် အမြဲတမ်းဖွင့်လှစ်ကုသနေသော ကျန်းမာရေးဆေးပေးခန်း မရှိပါ။ ကျန်းမာရေးကိစ္စများဖြစ်လျှင် အုပ်စုတွင်တာဝန်ကျသော ကျန်းမာရေးဆရာမခေါ်၍ ကုသရပါသည်။ အရေးကြီးကျန်းမာရေးကိစ္စများဖြစ်လျှင် မြို့သစ်မြို့နှင့် တောင်တွင်းမြို့များသို့ သွားရောက်ကုသရပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပုတီးကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ဆိုးရွားစွာထိခိုက်မှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအနေဖြင့် ပလက်စတစ်သုံးစွဲမှုလျော့ချခြင်း၊ အမှိုက်များအား စနစ်တကျသိမ်းစည်းခြင်းများ သိရှိမှုအားနည်းသောကြောင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်သွားရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ပိုးသတ်ဆေးများ၊ ဓါတုဗေဒမြေသြဇာများသုံးစွဲခြင်းမှာဆိုးကြိုးများ သိရှိနိုင်ရန် ပညာပေးသသင်တန်းများဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဈ) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင် လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊

ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ အမျိုးသား များသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများ သည်အမျိုးသား နှင့်အတူပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိ ကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**နောက်ဆက်တွဲ(၁)ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား | ကျန်ရှိသောရွာလယ်လမ်းအားကျောက်ချောလမ်းဆောင်ရွကပေးခြင်း | ၁ |
| ၂ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | |
| ၃ | ပညာရေး | စာသင်ကျောင်းဆောက်အဦတည်ဆောက်ခြင်း | ၂ |
| ၄ | စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်ဆည်ရေလုံလောက်အောင်ရရှိအောင် ဆောင်ရွက်ခြင်း | ၄ |
| ၅ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ရန် | ၅ |
| ၆ | စိုက်/မွေးမဟုတ်သောဝင်ငွေရလုပ်ငန်း | အသက်မွေးဝမ်းကြောင်းနည်းပညာများရရှိအောင်ဆောင်ရွက်ရန် | ၆ |
| ၇ | ကျေးရွာအားထိခိုက်နိုင်သောဘေးအန္တရာယ်များ | ရွာတောင်ပိုင်းရှိ ရေမြောင်းကြီးအား ပြန်လည်ပြုပြင်ရန် | ၇ |
| ၈ | -ငွေကြေးနှင့် | ချေးငွေလုပ်ငန်းများရရှိအောင်ဆောင်ရွက်ရန် | ၈ |

| | | | |
|---|---|---|---|
| | ဘဏ်လုပ်ငန်း | | |
| ၉ | ပညာရေး | ဆရာ/ဆရာမ လုံလောက်စွာရရှိအောင်ဆောင်ရွက်ရန် | ၉ |

**မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**မြို့သစ်မြို့နယ်၊ပုတီးကုန်းကျေးရွာအုပ်စု၊ပုတီးကုန်းကျေးရွာ၏**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား**

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များအလွယ် တကူမရခြင်း။ | -မြို့တွင်စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများရှိခြင်း။ | -နည်းပညာ ဗဟုသုတနည်းပါးခြင်း<br>-ငွေကြေးမတက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ရန်။ |
| ၂ | -စိုက်ပျိုးရေးအတွက် ရေလုံလောက်မှုမရှိခြင်း။ | - ဆည်ရေပုံမှန်မရရှိခြင်း။ | -ဆည်မြောင်းဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံး လုပ်ကိုင်နေခြင်း။ | -စိုက်ပျိုးရေးအတွက် ဆည်ရေလုံလောက်မှုမရှိပါသဖြင့် စပါးစိုက်ခင်းများ ပျက်ဆီးရခြင်း။ | -သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။ | -စွန်ဆည်မှ ဆည်ရေများခွဲဝေပေးရန်နှင့် တာတေရိုးဆည်မှရေပိုရေလျှံများအား ပြန်လည်တားစီးပြုပြင်ပြီးလယ်ရေမြောင်းထဲသို့ ရေဝင်အောင်ဆောင်ရွက်ရန်။ |
| ၃ | -သီးနှံများဆုံးရှုံးမှုဖြစ်ပေါ်နေခြင်း။ | -ဆည်ရေလုံလောက်မှုမရှိခြင်း။ | -လက်ဝဲမြောင်းမကြီးရှိနေခြင်း။<br>-ဆည်မြောင်းဦးစီးဌာနရှိခြင်း။ | -သီးနှံများ ရာနှုန်းပြည့် မရရှိခြင်း။ | -သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားရန်။ | -ဆည်ရေလုံလောက်စွာရရှိအောင်ဆောင်ရွက်ရန်။ |
| | **အခြေခံအဆောက်အဦ** | | | | | |
| ၄ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး | -ကျန်ရှိသော ရွာလယ်လမ်းအားကျောက်ချောလမ်း |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | -မိုးတွင်းကာလ၌ သွားလာရခက်ခဲခြင်း။ | -သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။ | -ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ဆောင်ရွက်ခြင်း။ |
| | **ပညာရေး** | | | | | |
| ၅ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်မပြေဖြစ်နေခြင်း။<br>-မိုးတွင်းကာလတွင် ရာသီဥတုဒါဏ်ခံရခြင်း။ | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။<br>-ကျောင်းသားဦးရေများနေခြင်း။ | -ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း။ |
| ၆ | -ပညာသင်ကြားရာတွင် ကြန့်ကြာမှုရှိခြင်း။ | -ဆရာ/ဆရာမ နည်းနေခြင်း။ | -ကျောင်းသား/သူ အင်အားများနေခြင်း | -ပညာရေးတွင်လက်လှမ်းမမီခြင်း။ | -သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်။ | -ဆရာ/ဆရာမများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ရန်။ |
| | **ကျန်းမာရေး** | | | | | |
| ၇ | -သွေးတိုးရောဂါဖြစ်ခြင်း။ | - အသီးအရွက် အစားအဆီအစိမ့်အစား များခြင်း။ | -သီးနှံစိုက်ပျိုးရန် မြေနေရာရှိခြင်း။ | -ကျန်းမာရေး ဗဟုသုတအသိနည်းခြင်း။<br>-စိုက်ပျိုးရေးအသိပညာနည်းခြင်း။ | - ပိုးသတ်ဆေး/အားတိုးဆေးများမပါသော အော်ဂင်းနစ်သီးနှံများ စိုက်ပျိုးရန်။ | -သွေးတိုးရောဂါ အဖြစ်နည်းစေရန် အော်ဂင်းနစ်သီးနှံများစိုက်ပျိုးစားသောက်ခြင်း။<br>-ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ |
| ၈ | -ဆေးခန်းနှင့် ဆေးခန်းသုံးပစ္စည်းကိရိယာများ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ရန်ကျေးရွာမှ စုပေါင်းငွေများဖြင့်မြေနေရာဝယ်ယူနိုင်ခြင်း။ | -ငွေကြေးအခက်အခဲရှိခြင်း။<br>-ကျန်းမာရေး ဗဟုသုတနည်းခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -ကျန်းမာရေးဆေးပေးခန်း' တည်ဆောက်ပေးရန်။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | -ရပ်ရွာမှ တက်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ခြင်း။ | | | |
| | **စိုက်/မွေး မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၉ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -မိရိုးဖလာလုပ်ငန်းသာလုပ်ကိုင်တက်၍ အခြားစီးပွားရေး မလုပ်ကိုင်တက်ခြင်း။ | -လူငယ်များသည် အသိပညာ၊ အတက်ပညာများ လေ့လာသင်ယူရန် စိတ်ပါဝင်စားခြင်း။ | -ပညာများလေ့လာ စည်းပူးရန် အချိန်နှင့် ငွေကြေးမတက်နိုင်ခြင်း။ | -သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်ဆောင် ရွက်ရန်။ | -အသက်မွေးဝမ်းကြောင်း ပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်။ |
| ၁၀ | -စီးပွားရေးအဆင်မပြေ ဖြစ်ရခြင်း။ | -အိမ်ဆိုင်နှင့်ဈေးဆိုင်ငယ်များတွင် ကုန်ပစ္စည်းများပြည့်စုံစွာ မရောင်းချနိုင်ခြင်း။ | -ကျေးရွာတွင် ကုန်စုံဆိုင်ငယ်များရှိခြင်း။ | -ငွေကြေးအရင်း အနှီးနည်းပါး ခြင်း။ | -ရပ်မိရပ်ဖများမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်။ | -ချေးငွေရရှိအောင် ဆောင်ရွက်သွားရန်။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၁ | -လူငယ်များ အသိပညာ ဗဟုသုတနည်းခြင်း | စာပေလေ့လာရန်၊ ဗဟုသုတရှာရန် အားနည်းခြင်း | -စိတ်အားထက်သန်မှု ရှိခြင်း<br>-စာပေလေ့လာရန် စာအုပ်များရှိခြင်း | -အဆောက်အဦခိုင်ခံမှု မရှိခြင်း<br>-ပရိဘောဂပစ္စည်းများ မရှိခြင်း | -ရပ်မိရပ်ဖများမှ စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း<br>-စာအုပ်စာပေ ဖတ်ခိုင်းခြင်း။ | -ကျေးရွာတွင် လူငယ်များ ဗဟုသုတ၊ အသိပညာများ တိုးရန် ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း။ |

**မြို့သစ်မြို့နယ် ၊ ပုတီးကျေးရွာအုပ်စု ၊ ပုတီးကုန်းကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**
**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | | |
| ၁ | ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးများရရှိအောင်ဆောင်ရွက်ရန် | ၈ | ၅ | ၉ | ၈ | ၈ | ၁၀ | ၉ | ၉ | ၉ | ၉ | ၈၄ | ၂ |
| ၂ | အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန် းများဆောင်ရွက်ရန် | ၄ | ၃ | ၃ | ၄ | ၅ | ၄ | ၃ | ၁ | ၄ | ၁၀ | ၄၁ | ၇ |
| ၃ | ချေးငွေလုပ်ငန်းများဆောင်ရွက်ရန် | ၃ | ၂ | ၂ | ၆ | ၂ | ၁ | ၂ | ၂ | ၂ | ၅ | ၂၇ | ၉ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄ | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ရန် | ၉ | ၆ | ၅ | ၅ | ၄ | ၂ | ၄ | ၃ | ၇ | ၄ | ၄၉ | ၆ |
| ၅ | စိုက်ပျိုးရေလုံလောက်အောင်ရရှိအောင် ဆောင်ရွက်ရန် | ၉ | ၉ | ၇ | ၇ | ၆ | ၄ | ၂ | ၅ | ၁ | ၈ | ၅၈ | ၅ |
| ၆ | ကျန်ရှိသောရွာလယ်လမ်းအားကျောက်ချောလမ်းဆောင်ရွက်ရန် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၃ | ၉၂ | ၁ |
| ၇ | စာသင်ကျောင်းဆောင်တည်ဆောက်ပေးရန် | ၈ | ၁ | ၃ | ၈ | ၉ | ၇ | ၈ | ၈ | ၈ | ၇ | ၆၇ | ၃ |
| ၈ | ဆရာ/ဆရာမ လုံလောက်စွာရရှိအောင်ဆောင် ရွက်ရန် | ၇ | ၈ | ၈ | ၃ | ၄ | ၉ | ၇ | ၆ | ၈ | ၂ | ၆၂ | ၄ |
| ၉ | ရွာတောင်ပိုင်းရှိရေမြောင်းကြီးအားပြန်လည်ပြုပြင်ရန် | ၁ | ၄ | ၁ | ၂ | ၃ | ၈ | ၆ | ၇ | ၅ | ၁ | ၃၈ | ၈ |

**မြို့သစ်မြို့နယ် ၊ ပုတီးကုန်းကျေးရွာအုပ်စု ၊ ပုတီးကုန်းကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျန်ရှိသောရွာလယ်လမ်းအားကျောက်ချောလမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | ✓ | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၃ | | | ✓ | | |
| ၄ | စိုက်ပျိုးရေးအတွက်ဆည်ရေလုံလောက်အောင်ရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | | ✓ | |
| ၅ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | ✓ | | | |
| ၆ | အသက်မွေးဝမ်းကျောင်းနည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း | ၆ | | | ✓ | | |
| ၇ | ရွာတောင်ပိုင်းရှိရေမြောင်းကြီးအား ပြန်လည်ပြုပြင်ပေးခြင်း | ၇ | | | | ✓ | |
| ၈ | ချေးငွေလုပ်ငန်းများရရှိအောင်ဆောင်ရွက်ခြင်း | ၈ | | | | | ✓ |
| ၉ | ဆရာ/ဆရာမလုံလောက်စွာရရှိအောင်ဆောင်ရွက်ခြင်း | ၉ | | ✓ | | | |

ဥတိုးကုန်းကျေးရွာ

# ရာသီခွင်ပြပြက္ခဒိန်

11.6.2018



**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၁၂ | ၁၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၂၀ | ၅၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၅ | ၆၁ | ၁၃၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၆၃ | ၁၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃၇ | ၇၁၉ | ၁၃၅၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၄၀ | ၆၀ |
| **စုစုပေါင်း** | | **၈၄၀** | **၉၁၅** | **၁၇၅၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၀၀** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် အိမ်ထောင်စု(၄၀၀)စုနှင့်ကျား(၈၄၀)ဦး၊ မ (၉၁၅)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၁၇၅၅) ရှိပါသည်။ပုတီးကုန်းကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာဖြစ်ပါသည်။ ပုတီးကုန်းကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အိုမှီခိုသူမှာ (၂၂%)ခန့်ရှိပြီး (၇၈%) ခန့်သည် အလုပ်လုပ်နိုင်သောလူဦးရေ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မှုအင်အားကြီးမားပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၂၁၄၅ | **သင့်** | **ရပါသည်** | **ဆည်ရေ** |
| **ယာမြေ** | ၁၄၁၆ | **သင့်** | **ရပါသည်** | **ချောင်းရေ** |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံဝင်းစိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |
| **ပလပ်မြေ** | | | | |
| **သစ်တောမြေ** | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စုစုပေါင်း | ၃၅၆၁ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ပုတီးကုန်းကျေးရွာတွင် လယ်မြေ (၂၁၄၅) ဧကနှင့် ယာမြေ (၁၄၁၆) ဧက စိုက်ပျိုးထားရှိပြီး ချောင်းရေနှင့် ဆည်ရေတို့ဖြင့် စိုက်ပျိုးပါသည်။ ဆည်ရေမှာလုံလောက် စွာမရရှိပါသဖြင့် သီးနှံအထွက်နှုန်းမှာနည်းပါးပါသည်။**

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ပုတီးကုန်းကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များမရှိပါ။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဘာသာရေးအဖွဲ့ (ဓမ္မစကူး)ဖောင် | ၁☐ ၂ ☐ ၃ √ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ဘာသာရေး√ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ဒေးရှင်း | | စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | လူငယ်ဖွံ့ဖြိုးရေး ကော်မတီ | ၁☐ ၂√ ၃ ☐ | ပညာရေး ☐ ငွေကြေး√<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | လူငယ်ရံပုံငွေ တည်ထောင်ပါ သည်။ |
| ၃ | အမျိုးသမီး အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | အရန်မီး သတ်တပ်ဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံ ေးနှင့် ကာကွယ်ရေး √ | သင်တန်းများထိရောက်စွာတက်ရောက်နိုင်ခြင်းမရှိ<br>သည့်အတွက်စွမ်းဆောင်ရည်လျော့နည်းပါ သည်။ |
| ၅ | မီးလင်းရေး ကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၆ | | ၁☐ ၂ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး | |
| ၇ | | ၁☐ ၂ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐ဘာသာရေ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

**(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ပုတီးကုန်းကျေးရွာအတွင်း လူထုဇဟိုပြုဆောင်ရွက်သော အဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။၎င်းအဖွဲ့အစည်းများသည် မိမိတို့တာဝန်ရှိသည့်အတိုင်း ကျေးရွာတွင် စည်းလုံးညီညွတ်စွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာလူထုကိုယ်တိုင်ရွေးချယ်ထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီအား ကော်အတီဝင်(၁၃)ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။**

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၄၀)ဧက | (၃၀)ဧက | (၂၀)ဧက | |
| အိမ်အခြေအနေ | နှစ်ထပ်တိုက်၊ တိုက်ခံ၊သွပ်မိုး | ဝါးထရံကာ၊ လေးပင်အိမ်၊ သွပ်မိုး၊ပျဉ် | ဝါးထရံကာ၊ သွပ်မိုး | မြေစိုက် |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ကား၊ လိုင်းကား၊ခြွေလှေ့စက် | နွားလှည်း၊ ဆိုင်ကယ် | နွားလှည်း | - |
| အဓိကစီးပွားရေးလုပ်ငန်း | အရောင်းအဝယ်တောင်သူ၊ တောင်သူကြီး | တောင်သူလေး | လက်စားတောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၈၀ | ၃၀၀ | |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ပုတီးကုန်းကျေးရွာတွင် အိမ်ထောင်စုအားလုံး၏(၁၉%)ခန့်သည်အလယ်အလတ်ရှိသောအိမ်ထောင်စု၊ (၄%)သည် အဆင်ပြေသောအိမ်ထောင်စုဖြစ်ပြီး (၇၅%)မှာ မပြေလည်သောအိမ်ထောင်စုဖြစ်ပါသည်။ပုတီးကုန်းကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုအတင့်အသင့်ရှိပြီး မြို့ပြနှင့် လက်လှမ်းမှီမှုကြောင့် စီးပွားရေးအခြေအနေမှာလည်း အတင့်အသင့်ရှိပါသည်။**

**(၄.၂) သီးနှံထုတ်လုပ်ရေး**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၈ | ၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၅၆ | ၁၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၉၆ | ၂၄% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား( ၅ဟတ်တာထိ) | ၁၈၈ | ၄၇% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်) | ၂၂ | ၅% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၀၀ | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ပုတီးကုန်းကျေးရွာတွင်းမြေယာမဲ့ (၃၈) အိမ်ထောင်စုရှိပြီး အဆိုပါလူတန်းစားများမှာ လယ်ယာများငှားရမ်းလုပ်ကိုင်ခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ နေ့စားနှင့် ကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း များလုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်းမှုပြုကြပါသည်။**

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၂၁၄၅ | တင်း | ၄၀ | ၇၀ | ၅၅ | သင့် |
| ကုလားပဲ | ၄၀၀ | တင်း | ၈ | ၁၆ | ၁၂ | သင့် |

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| ပဲကြီး | ၅၃၆ | တင်း | ၆ | ၁၄ | ၁၀ | သင့် |
| နှမ်း | ၄၈၀ | တင်း | ၂ | ၆ | ၄ | နည်း |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာ၏ အဓိကစိုက်ပျိုးရေးသီးနှံမှာ စပါးဖြစ်ပြီး အခြားသီးနှံများကိုလည်း မြို့သစ်မြို့၊တောင်တွင်းကြီးမြို့နှင့် မကွေးမြို့များသို့သွားရောက်ရောင်းချသည့်အတွက် အမြတ်အစွန်းပိုမိုရရှိပါသည်။ အခြားသီးနှံများကိုပါစိုက်ပျိုးလျှက်ရှိသောကြောင့် ဝင်ငွေမှာလည်းအတင့်အသင့် ရှိပါသည်။

**(၄.၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၃၂၀ | ၆၇၄ |
| **နို့စားနွား** | | |
| **မြင်း** | | |
| **ကျွဲ** | | |
| **သိုး** | | |
| ဆိတ် | | |
| ဝက် | ၁၃၀ | ၁၅၂ |
| ကြက် | ၂၁၀ | ၁၆၀၀ |
| ဘဲ | ၁ | ၁၆ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။ ။နွား၊ဝက်၊ကြက်၊ဘဲများသာ မွေးမြူကြပြီး အခြားတိရစ္ဆာန်များ မွေးမြူခြင်းမရှိပါ။ အိမ်ကြက်မှာ တစ်ရွာလုံးနီးပါး တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ဝက်များမှာ မကြာခဏရောဂါများဝင်သဖြင့် စီးပွားရေးများဆုံးရှုံး ရပါသည်။ နွားများမှာလည်း နှစ်စဉ်ခွာနာလျှာနာရောဂါများ ဝင်ရောက်သည့်အတွက် အလုပ်အကိုင်များနှောင့်နှေးရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် နည်းပညာနှင့် ဆေးဝါးများလိုအပ်ကြောင်းတွေ့ရှိရပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၂၀ | | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၅ | | လတ် |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၅ | ၅ | | နိမ့် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၈ | | လတ် |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်း | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှာရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | ၁၆ | | လတ် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | | ၁ | | လတ် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားစီးပွါးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အတင့်အသင့်လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ကိုင်သူများနှင့်အိမ်ဆိုင်ရောင်းသူများလည်းရှိကြောင်းတွေ့ရပါသည်။ ပုတီးကုန်းကျေးရွာတွင် သုံးဘီးဆိုင်ကယ်မောင်းသူ(၆)ဦးရှိပြီး၊ ထော်လာဂျီမောင်းသူ(၁)ဦးနှင့်ကားမောင်းသူ(၁)ဦးရှိပြီး စီးပွားရှာသူများဖြစ်သောကြောင့် ဝင်ငွေအလွန်ကောင်းပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | တောင်တွင်းကြီးဈေး | တောင်တွင်းကြီးဈေး |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် ☐၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင်☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် √ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ√ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်√ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ပုတီးကုန်းကျေးရွာသည် မြို့သစ်မြို့နယ်နှင့်နီးသောကြောင့် သီးနှံများအား အလွယ်တကူ ရောင်း၍ရပါသည်။ တစ်ချို့သူများမှာလည်း ဈေးကောင်းပိုမိုရရှိသော တောင်တွင်းကြီးမြို့သို့ သွားရောက်ရောင်းချကြပါသည်။ သီးနှံများအားကျေးရွာရှိကား၊ သုံးဘီးဆိုင်ကယ်များနှင့် သယ်ယူကြောင်း တွေ့ရှိရပါသည်။**

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ညံ့ √ | ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်√၁-၅မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်းရာသီ √တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် √၁-၅မိုင်☐၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့်☐ ညံ့ √ | ပွင့်လင်း ရာသီ √တစ်နှစ်ပတ်လုံး☐ | ၀-၁မိုင်☐၁-၅ မိုင်√ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ရှိချက်။ ။ပုတီးကုန်းကျေးရွာသည် တစ်ဝက်ခန့်မှာ ကွန်ကရစ်လမ်းခင်းပြီးဖြစ်၍ ကျန်ရှိသော လမ်းမှာမြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် အခက်အခဲဖြစ်ရပါသည်။ မြို့များသို့သွားလာရာတွင် တောင်တွင်း-မြို့သစ်လမ်းမကြီးဖြစ်၍ အဆင်ပြေသောလည်း ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် သွားလာရ အဆင်မပြေကြောင်းတွေ့ရှိရပါသည်။**

**(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင်☐၁၁ မှ ၂၀ မိုင်☐၂၁ မှ ၅၀ မိုင်☐၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐၁၁ မှ ၂၀ မိုင်☐၂၁ မှ ၅၀ မိုင် ☐၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ရေကြောင်းလမ်းမရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၆၅ | ၁၅၆ | ၆ | ၁ | ၁ | | ၃၁၂ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ကျောင်းသား/သူများကျောင်းသွားရာတွင် စက်ဘီးများအသုံးပြုပြီး သုံးဘီးဆိုင်ကယ်နှင့်ကားအား မြို့များသို့ စီးပွားရေးလုပ်ငန်းနှင့် ကူသန်းသွားလာရန်အတွက် အသုံးပြုပါသည်။ နွားလှည်းအား လယ်ယာလုပ်ငန်းခွင်တွင်အသုံးပြုကြပါသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၂၈၆ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၁၁၄ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် အိမ်ထောင်စု (၄၀၀)ရှိသည့်အနက်မှ (၂၈၆)ဦးသာ မဟာဓါတ်အားလိုင်းမှရရှိသော လျှပ်စစ်မီးအားအသုံးပြုပြီး ကျန်ရှိသော အိမ်ထောင်စု (၁၁၄)ဦးမှာ မိသားစု**

**ဝင်ငွေပုံမှန်မရှိခြင်း၊ ကျပန်းလက်လုပ်လက်စားများဖြစ်သောကြောင့် လျှပ်စစ်မီးအသုံးပြုနိုင်မှုမရှိပါ။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (**၁၅**) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၃၅၆ | ၂၀၀ | ၂၇၅ |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် တယ်လီဖုန်းအသုံးပြုမှုမှာ (၈၉%)ခန့်သာရှိပြီး ကျန်ရှိသောအိမ်ထောင်စုများမှာ တယ်လီဖုန်းဝယ်ယူသုံးစွဲမှုမရှိကြောင်းတွေ့ရပါသည်။ တီဗွီ အသုံးပြုမှုမှာလည်း (**၆၈%**)ခန့်သာရှိကြောင်းတွေ့ရှိရပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၉၀ | ၈၈ | ၁၇၈ |
| အလယ်တန်း | ၈၂ | ၈၃ | ၁၆၅ |
| အထက်တန်း | ၄၁ | ၅၉ | ၁၁၀ |
| တက္ကသိုလ်/ကောလိပ် | ၂၃ | ၃၈ | ၆၁ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် အလယ်တန်းကျောင်းခွဲသာရှိ၍ အထက်တန်းကျောင်းသူ/သားများသည် နီးစပ်ရာ တောင်တွင်းမြို့နှင့် မြို့သစ်မြို့များသို့ သွားရောက်ပညာသင်ကြားရပါသည်။ တက္ကသိုလ် တက်ရောက်သောကျောင်းသူ/သားများသည် မကွေးတိုင်းဒေသကြီး၊မကွေးမြို့တွင်သာ ပညာသင်ကြားကြပါသည်။**

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐ မူလွန်☐အလယ်တန်း(ခွဲ)√အလယ်တန်း ☐အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ | | | မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ)☐ အလယ်တန်း ☐အထက်တန်း(ခွဲ)☐ အထက်တန်း☐ | | | မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် √၁ မိုင် မှ ၃ မိုင်☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင်☐၁ မိုင် မှ ၃ မိုင် ☐၁၅ မိုင် မှ၂၀မိုင်☐ ၂၀ မိုင် အထက်☐ | | | ၀ မှ ၁ မိုင် ☐၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | | |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်√စက်ဘီး√ ဆိုင်ကယ် ☐ ကား ☐ | | | ခြေလျင်☐စက်ဘီး☐ ဆိုင်ကယ်☐ကား☐ | | | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၆၀၃၀၀စတုရန်ပေ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐သင့်√ညံ့☐ | | | ကောင်း☐သင့်ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ √ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း √ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ √ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၉ | ၉ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ**

**ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် အလယ်တန်းကျောင်းခွဲဖြစ်သော်လည်း ယင်လုံအိမ်သာ (၅)လုံးသာရှိပြီး လုံလောက်မှုမရှိပါ။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသော ရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| *စဉ်* | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်* ☐ | *မရှိ*√ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*√ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်* √ | *မရှိ*☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*√ |
| *၅* | HIV,AIDS,လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ* √ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*√ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*√ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*√ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐*နိမ့်*☐*မရှိ*√ | | |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐*နိမ့်*√*မရှိ*☐ | | |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐*နိမ့်*☐*မရှိ*√ | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ဆိုးရွားစွာရောဂါများမရှိကြောင်းနှင့် မိုးတွင်းကာလတွင် သွေးလွန်တုပ်ကွေးရောဂါ အနည်းငယ်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများမရှိကြောင်းတွေ့ရှိရပါသည်။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| *၁* | အဆုတ်ရောဂါ | | √ |
| *၂* | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | √ |
| *၃* | ပိုလီယိုရောဂါ | | √ |
| *၄* | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | √ |
| *၅* | ဝက်သက်ရောဂါ | | √ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | √ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | √ | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ကာကွယ်ဆေးများပုံမှန်ထိုခြင်းမရှိကြောင်းတွေ့ ရပါ သည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် √<br>၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ √ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် √ ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ √<br>မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးကိစ္စအရေးကြီးလျှင် နီးစပ်ရာ မြို့သစ်ဆေးရုံနှင့် တောင်တွင်းကြီးဆေးရုံသို့သွားရောက်ကုသ ရပါသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၄၉ | ကောင်း√ သင့်☐ ညံ့☐ | လုံလောက်ပါသည်။ |
| အဝီစိတွင်း/ စက်တပ် | ၁၁၃ | ကောင်း√ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | ၃၆ | ကောင်း√ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း ☐သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း ☐သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် အိမ်တိုင်းနီးပါး ရေတွင်းများရှိနေပြီး အဝီစိတွင်းများလည်း ရှိနေသောကြောင့် သောက်ရေနှင့် သုံးရေ လုံလောက်ပါသည်။**

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၀၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ယင်လုံအိမ်သာ လုံလောက်စွာရှိကြောင်းတွေ့ရှိရပါသည်။**

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| **၁** | **စားနပ်ရိက္ခာ မဖူလုံမှု** | **မရှိ** |
| **၂** | **သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)** | **မရှိ** |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၃ | ရေကြီးခြင်း | ရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေးဖြစ်လျှင် ဆေးရုံသို့ အချိန်မီ မရောက်ရှိနိုင်ပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင် ကျေးရွာအားထိခိုက်စေနိုင်သော သဘာဝဘေးအန္တရယ်များ မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | နိမ့် | မြေဆီမှာ ယခင်ကလောက်အသုံးမပြုနိုင်ပါ။ |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုတီးကုန်းကျေးရွာတွင်နွားချေးမြေဩဇာ ရှိသော်လည်း လုံလောက်စွာမရရှိ၍

**ဓါတုမြေဩဇာများ ဝယ်ယူစိုက်ပျိုးရပါသည်။ မျိုးကောင်းမျိုးသန့်များဝယ်ယူရန် ငွေကြေးအခက်အခဲရှိခြင်း၊ မြေဆီအရည်အသွေးမကောင်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းပါးပါသည်။**

**(၁၀ ) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဥ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | **ရှိ**√ | **မရှိ**☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | **ရှိ**√ | **မရှိ**☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ပုတီးကုန်းကျေးရွာဝင်ကျေးရွာအုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ကြပါသည်။ အမျိုးသမီးရန်ပုံငွေအဖွဲ့များရှိ၍ ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အာကြိုးမာန်တက်စွာ ပါဝင်ကြပါသည်။**